ပန်းချီစုကျေးရွာ

ကလေးဝမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပန်းချီစုကျေးရွာ၊ ကလေးဝမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ

မာတိကာ

မာတိကာ

စကားချီး

ပန်းချီစုကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကလေးဝမြို့နယ်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေဗျူဟာနှင့် အစီအစဉ်

၁။ နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

၁

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြောင်း အစီအစဉ်ကျသော ချိတ်ဆက်မှုများ

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရွေးချယ်မှုများ

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား (၄) ဓါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား (၇)　ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈)　ကျေးရွာ၏ ထိခိုက်သက်ရောက်မှု အခြေအနေ
ဇယား (၉)　ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂)　ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ
ဇယား (၁၀)　ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

၂

ဇယား (၁၁)　ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂)　ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၃)　ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ
ဇယား (၁၄)　အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား (၁၅)　ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆)　သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇)　သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၁၈)　မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မျှ အခြေအနေ
ဇယား (၁၉)　မွေးမြူရေးကဏ္ဍထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀)　မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၂၁)　စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂)　စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား (၂၃)　ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား (၂၄)　ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅)　သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား (၂၆)　သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအမံများ
ဇယား(၂၇)　မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈)　ကျောင်းအပ်နှုန်း
ဇယား (၂၉)　စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀)　ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား (၃၁)　အဖြစ်များသော ရောဂါများ
ဇယား (၃၂)　ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃)　သောက်သုံးရေ ရရှိမှု

ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၀) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

၃

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ
ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)
ဇယား (၄၅)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ပန်းချီစုကျေးရွာ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲ ထားသည့် ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေး သော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကလေးဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့သော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့(၁)ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိ

ခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်ပါသည်။


ဤ ဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဤ အစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဖေဖော်ဝါရီ၊ ၂၀၁၉ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပန်းချီစုကျေးရွာ၊ ကလေးဝမြို့နယ်

ကျော်ဇင်ကျေးရွာ သယံဇာတပြမြေပုံ၊ ကလေးဝမြို့နယ်



ရည်ညွှန်း။ ကျော်ဇင်ကျေးရွာ၊ ကျော်ဇင်အုပ်စု၊ ကလေးဝမြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းအစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းရေးဆွဲခြင်းမှ ရယူသည်။

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤ အစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်

ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက် အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင် မည်ဖြစ်သည်။

မိဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်း များအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုသလမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထား ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ကလေးဝမြို့နယ်နှင့် (၁)မိုင်ခန့်ကွာဝေး၍ သွားလာရလွယ်ကူသည်။ ကျေးရွာသည် ချင်းတွင်းမြစ်ဘေးတွင် တည်ရှိပြီး ကလေးဝမြို့သို့ သွားလာရန် ကုန်းလမ်းနှင့် ရေကြောင်းလမ်း (၂)မျိုးလုံး အသုံးပြုနိုင်ပါသည်။ ကျေးရွာ၏ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်ပါသည်။

၈

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် သဲ၊ ကျောက်စရစ်များ ပေါများစွာရရှိနိုင်ပြီး အသုံးပြုရန်လွယ်ကူပါသည်။ ကျေးရွာတွင် တွေ့ရသော ဆေးဘက်ဝင်အပင်များမှာ သာမန်တွေ့ရသော အပင်များသာ ရှိပါသည်။ ရှားပါးသဘာဝတိရိစ္ဆာန်မျိုးစိတ်များလည်း မရှိသလောက်နည်းပါးသွားပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၀၂)အိမ်ထောင်စုရှိပါသည်။ ကျေးရွာတွင် လူဦးရေပေါင်း (၁၀၄၆)ဦးရှိပြီး ကျား(၅၁၃)ဦးနှင့် မ(၅၃၃)ဦးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်အရွယ်သည် အများဆုံးရှိပြီး အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုများကြောင်း တွေ့ရှိရပါသည်။

(ခ) စီးပွားရေးအခြေအနေ– ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏ အဓိကဝင်ငွေရ လုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းတို့ဖြစ်ကြပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင် အချို့မှာ ကားမောင်း၊ စက်လှေဖြင့် အထက်ပိုင်းသို့ သွားရောက်၍ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ကြပြီး စီးပွားရေးလုပ်ငန်း အသင့်အတင့်သာဖြစ်ပါသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအများရှိသည်မှာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူအနည်းငယ်သာရှိသောကြောင့် ဖြစ်ပါသည်။ ကျေးရွာ၏ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်ရာတွင် လက်လုပ်လက်စားအိမ်ထောင်စုများ အများဆုံးရှိကြောင်း တွေ့ရှိရပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်သာရှိပြီး မြေယာမဲ့အိမ်ထောင်စု အရေအတွက်အများဆုံးရှိပါသည်။ မြေယာမဲ့အိမ်ထောင်စုများမှာ ကျပန်းအလုပ်များ လုပ်ကိုင်ကြပါသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုများမှာ သူတပါးထံမှ မချေးမငှားပဲ (၆)လမှ (၁၂)လခန့်အထိ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် ထိခိုက်သက်ရောက်မှုရှိနိုင်သည့် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များအား မိသားစုစောင့်ရှောက်မှုများရှိကြောင်း တွေ့ရှိရပါသည်။ ထိခိုက်သက်

ရောက်မှုခံရနိုင်သည့်သူများအတွက် အုပ်စုအလိုက် ခွဲခြားသတ်မှတ်ရာတွင် ထိခိုက်သက်ရောက်မှုနိမ့်ကြောင်း တွေ့ရပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ရွာသူရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကလေးငယ်အများစုလည်း ကျန်းမာကြပါသည်။ ကျန်းမာရေးအသိအမြင်များလည်း အသင့်အတင့်ရှိကြသည်။ ကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင်လည်း ရရှိနိုင်ပြီး ကလေးဝမြို့နယ်ဆေးရုံတွင်လည်း အလွယ်တကူသွားလာနိုင်ပါသည်။ ကလေးဝမြို့၏ ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီသည်။ ကျေးရွာတွင် ရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရှိရပါသည်။

(c) ပညာရေးနှင့်ကျွမ်းကျင်မှု

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့် မြင့်မားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းအဆင့်သာရှိပြီး အထက်တန်းကျောင်းပညာတို့အတွက် ကလေးဝမြို့တွင် သွားရောက်သင်ကြားကြပါသည်။ ဘွဲ့ရအရေအတွက်များလဲ အတော်အသင့်ရှိပြီး ဝန်ထမ်းများ အများအပြားရှိကြပါသည်။ သက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာ ဝန်ထမ်းမိသားစုများနှင့် အခြားစီးပွားရေးလုပ်ငန်းများမှလွဲ၍ အတော်အသင့်နိမ့်ကျကြောင်း တွေ့ရှိရပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာတွင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုမိုများပြားသော်လည်း ပညာရေးဆိုင်ရာအခွင့်အရေးမှာ ကျား-မ တန်းတူပင် ဖြစ်ပါသည်။ ကျေးရွာ၏ စီမံအုပ်ချုပ်ခေါင်းဆောင်မှုစနစ်တွင် အမျိုးသမီးများပါဝင်မှုမရှိဘဲ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်ကြကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် နေထိုင်သူများမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ဘာသာရေးနှင့် လူမှုရေးလုပ်ငန်းများတွင်လည်း ဝိုင်းဝန်းလုပ်ကိုင်ကြပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်း(၇)ဖွဲ့ ရှိပြီး အဖွဲ့အသီးသီး၏ လုပ်ကိုင်ဆောင်ရွက်မှုကောင်းပါသည်။ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်သည် ကောင်းမွန်သည့်အနေအထားတွင် ရှိပါသည်။

(ခ) သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအတွက် မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြရသည်။ ကျေးရွာတွင် စိုက်ပျိုးသောသီးနှံများမှာ စပါး၊ မြေပဲ၊ နေကြာတို့ကို စိုက်ပျိုးကြပြီး စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူအနည်းငယ်သာရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် နွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု(၁၀)စုရှိပြီး နွားကောင်ရေ(၃၃)ကောင် ရှိပါသည်။ ဝက်မွေးမြူရေးလုပ်ကိုင်သော အိမ်ထောင်စုမှာ (၁၁)အိမ်ထောင်စုရှိပြီး ဝက်ကောင်ရေ(၆၆)ကောင် ရှိပါသည်။ ကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စုအနည်းငယ်သာရှိပါသည်။ ကျေးရွာတွင် ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများ မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ အစိုးရဝန်ထမ်း၊ အပ်ချုပ်လုပ်ငန်း၊ ကားမောင်းသူ၊ ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။ ကျပန်းအလုပ်လုပ်ကိုင်သော အိမ်ထောင်စု(၂၉)အိမ်ထောင်စုရှိပြီး လုပ်အားခမှာ (၇၀၀၀) မှ (၈၀၀၀)ကျပ်အထိ ရရှိနိုင်ပါသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာ၏ မြေဆီသြဇာအခြေအနေကောင်းမွန်မှုမှာ အသင့်အတင့်သာရှိပြီး စိုက်ပျိုးရေးလုပ်ကိုင်သူ အနည်းငယ်သာရှိပါသည်။ ဆေးဘက်ဝင်အပင်မျိုးစိတ်များမှာလည်း ရှားပါးပြီး ထိန်းသိမ်းမှုနိမ့်ပါသည်။ အခြားတိရစ္ဆာန်မျိုးစိတ်များမှာလည်း ရှားပါးပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုလည်း နိမ့်ကြောင်း တွေ့ရှိရပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေတစ်မျိုးထဲသာ ရရှိကြပါသည်။ အခြားမွေးမြူရေး ချေးငွေထုတ်ချေးသောအဖွဲ့များ မရှိပါ။

(စ) ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် စတုရန်းပေ(၃၁၃၆)ပေရှိသော နှစ်ထပ်ကျောင်းဆောင် (၁)ဆောင်နှင့် (၁၈၀၀)ပေရှိသော နှစ်ထပ်ကျောင်းဆောင်(၁)ဆောင်၊ စုစုပေါင်း(၂)ဆောင် ရှိပါသည်။ ကျောင်းအဆောက်အဦးမှာ ကောင်းမွန်ပါသည်။ ကျောင်းဆရာ/ဆရာမ(၁၁)ဦး ရှိပါသည်။ ကျေးရွာတွင် သွေးတိုးရောဂါမှလွဲ၍ အခြားရောဂါများ ဖြစ်ပွားမှုနိမ့်ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာမှ အိမ်ထောင်စုအားလုံးသည် လွတ်တော်သိန်း(၁၀၀၀)ရန်ပုံငွေဖြင့် တူးဖော်သည့် အဝီစိစက်တပ်တွင်း(၁)တွင်းနှင့် မြို့နယ်စည်ပင်သာယာ

ရေးမှ တူးပေးသည့် အဝိစိစက်တပ်(၁)တွင်း စုစုပေါင်း(၂)တွင်းမှ သောက်သုံးရေအတွက် သုံးစွဲကြပါသည်။ ကျေးရွာမှ အိမ်ထောင်စုအားလုံး ယင်လုံအိမ်သာ အသုံးပြုကြပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်နေရာ သီးသန့်မရှိပါ။ လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းနှင့် ဘာသာရေးပွဲများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။

(ဇ) အခြေခံအဆောက်အဦး–လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာသည် မဟာမြို့ကားလမ်းဘေးတွင် တည်ရှိပြီး သွားလာရေးကောင်းမွန်မှုရှိပါသည်။ ရေလမ်းခရီးလည်း အသုံးပြုမှုရှိပြီး လေ(၂၉)စီးရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၁၆၂)စီးနှင့် စက်ဘီး(၄)စီး၊ ကား(၁၀)စီးတို့ကို အသုံးပြုလျက်ရှိကြသည်။ ၂၀၁၇ ခုနှစ်တွင် ကျေးရွာ၏ တစ်ဖက်ကမ်း ကလေးဝမြို့နှင့် ချင်းတွင်းမြစ်ကူးတံတားကြီး တည်ဆောက်ခဲ့ပြီး လမ်းခရီး သွားလာရေး အဆင်ပြေလွယ်ကူပါသည်။ ကျေးရွာတွင် ပုဂ္ဂလိကမှပေးသည့် လျှပ်စစ်မီးကိုသာ အသုံးပြု လျက်ရှိကြပါသည်။ ကျေးရွာတွင် အိမ်တိုင်းနီးပါး လက်ကိုင်ဖုန်းအသုံးပြုကြပြီး အင်တာနက်အသုံးပြုမှု လည်း ကောင်းမွန်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ် မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ကျေးရွာ၏ အနောက်ဘက်တွင် ရဲကင်းစခန်းရှိပြီး သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ချိတ်ဆက်နိုင်ပြီး ကျေးရွာ တည်ငြိမ်အေးချမ်းမှုရှိကြောင်း တွေ့ရှိရပါသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

ကျေးရွာသည် ချင်းတွင်းမြစ်ဘေးနှင့် မဟာမြို့ကားလမ်းဘေးတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုရှိပါသည်။ ကျေးရွာသည် ကလေးဝမြို့နှင့် (၁)မိုင်ခွဲလောက်သာဝေး၍ ဆက်သွယ်ရေး၊ သွားလာရေး၊ ရောင်းဝယ်ရေး လွယ်ကူချောမွေ့ပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်

အရွယ် အများဆုံးရှိသောကြောင့် သက်မွေးဝမ်းကျောင်းသင်တန်းများ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာမှ ရွာသူရွာသားများသည် ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြပြီး ဆေးဝါးကုသမှု လိုအပ်လာပါက ကလေးဝမြို့နယ်ဆေးရုံသို့ သွားရောက်ကုသမှုခံယူနိုင်ပါသည်။ ကျေးရွာတွင် လယ်ယာမြေစိုက်ပျိုးဧက (၁၀၂.၈)ဧကရှိပြီး မြေဆီသြဇာ အတော်အသင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးနှင့် အင်တာနက်အသုံးပြုနိုင်မှု ကောင်းမွန်ပါသည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာတွင် အလယ်တန်းကျောင်းသာရှိပြီး အထက်တန်းပညာရေးအတွက် ၁ မိုင်ခွဲကွာဝေးသော ကလေးဝမြို့သို့ သွားရောက်ပညာသင်ယူကြရပါသည်။ ကျေးရွာတွင် ကျန်းမာရေးဝန်ထမ်းရှိသော်လည်း ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသဖြင့် အရေးပေါ်ကိစ္စရပ်များရှိလာပါက ကလေးမြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြရပါသည်။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများလည်း အနည်းငယ်သာရှိပြီး အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက်လည်း အားနည်းမှုရှိကြောင်း တွေ့ရှိရပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျွန်တော်တို့ ကျေးရွာသူ/ကျေးရွာသားများသည် ကလေးဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည် –

(၁) ကျေးရွာတွင်းလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် လွယ်ကူစွာသွားလာနိုင်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်လာစေရမည်။

(၂) ကျန်းမာရေးဆေးပေးခန်း ကျန်းမာရေးဗဟုသုတပြည့်ဝလာ၍ ကျန်းမာရေးအဆင့်အတန်းမြင့်တက်လာစေရမည်။

(၃) အသက်မွေးဝမ်းကျောင်းပညာသင်တန်းများမှတဆင့် ဝင်ငွေအနေအထား တိုးတက်လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် –

(၁) ကျေးရွာတွင် ကော်မတီ(၇)ဦးဖွဲ့စည်းပြီး ကျေးရွာတွင်းလမ်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်။

(၂) ကျေးရွာ ကျန်းမာရေးကော်မတီဖွဲ့စည်းပြီး မြို့နယ်ကျန်းမာရေးဌာနသို့ ဆက်သွယ်တင်ပြ၍ ကျန်းမာရေးပညာပေးအစီအစဉ်များ ရရှိအောင် ဆောင်ရွက်သွားမည်။

(၃) ကျေးရွာမှ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ တက်ရောက်နိုင်ပြီး ကျွမ်းကျင်မှုရှိကာ ဝင်ငွေရလုပ်ငန်းများ ရရှိအောင် ဆောင်ရွက်သွားမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည် သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) စိုက်ပျိုးရေး

ကျေးရွာတွင် စပါး၊ မြေပဲ၊ နေကြာ တို့ကို စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ အနည်းငယ် လိုအပ်မှုရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်သာရှိသည်မှလွဲ၍ စိုက်ပျိုးရေးလည်း လုံလောက်မှုရှိပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများဖန်တီးပေးရေး

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းများ လုပ်ကိုင်သူမရှိသောကြောင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖန်တီးပေးရန် လိုအပ်ပါသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများ စီစဉ်ပေးခြင်းဖြင့် လက်လုပ်လက်စားကျပန်းများမှာ လုပ်ငန်းအတည်တကျ ရရှိနိုင်ပြီး ဝင်ငွေမျှတမှုနှင့်ကန့်မှုရရှိလာနိုင်ပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ်နားလည်နိုင်စေမည့် ဖော်ထုတ်ချက်များဖြစ်သည်။ စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ပုံမှန်အားဖြင့် ဦးစားပေးစီမံကိန်းအချို့ကို ရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များသည် ဘေးအန္တရာယ်ဆိုးဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်ဦးစားပေးစီမံကိန်းအချို့ကို နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းပါဝင်လာနိုင်ပါမည်။

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စိစစ်နိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification) – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်း အခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်း အသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

Gc

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
ကျေးရွာအဆောက်အအုံ	ကွန်ကရစ်လမ်းခင်းခြင်း	၇၀	၁	ရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း(ပေ ၁၀၀၀)	ကျေးလက်ဦးစီး
ကျေးရွာအဆောက်အအုံ	ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း	၆၀	၂	ကျန်းမာရေးအသိအမြင်ကြွယ်ဝမှုရှိစေရန် ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း	-
လျှပ်စစ်	မီးလင်းရေးဆောင်ရွက်ခြင်း	၄၇	၃	မီးလင်းရေးရရှိရန် ဆောင်ရွက်ခြင်း	-
လူငယ်နှင့်ယဉ်ကျေးမှု	စာကြည့်တိုက်ဆောက်လုပ်ခြင်း	၄၀	၄	ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင်း	-
အဆောက်အဦ	ခန်းမဆောင်ဆောက်လုပ်ခြင်း	၂၉	၅	ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်း	-

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက် ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁။ ကွန်ကရစ်လမ်းခင်းခြင်း	၁	✔				
၂။ ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း	၂		✔			
၃။ မီးလင်းရေးရှိရေးဆောင်ရွက်ရန်	၃			✔		
၄။ စာကြည့်တိုက်ဆောက်လုပ်ခြင်း	၄				✔	
၅။ ခန်းမဆောင်ဆောက်လုပ်ခြင်း	၅					✔

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ကိုးကားရန်သာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းရှင်များထံမှ စီမံချက်ပြုစုရေးဆွဲရေး အကူအညီ များရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
၁	ကွန်ကရစ်လမ်းခင်းခြင်း			✔		
၂	ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း			✔		
၃	မီးလင်းရေးရှိရေးဆောင်ရွက်ရန်			✔		
၄	စာကြည့်တိုက်ဆောက်လုပ်ခြင်း			✔		
၅	ခန်းမဆောင်ဆောက်လုပ်ခြင်း			✔		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးကို တာဝန်ယူပါမည်။ အဖွဲ့အသီးသီးခွဲ၍ စီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်တာဝန်ယူ ဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများ ရယူရန်ဖြစ်ပါသည်။

ဥပမာ – ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ချိတ်ဆက်၍ အကူအညီများ ရယူပါမည်။

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များ ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေး စသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုး ရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့ သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေ အနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး

အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ် မူတည်၍ တိုးတက်မှုကို တိုင်းတာသည့်အညွှန်းကိန်း (indicator)ကို တည်ဆောက်ရပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည် –

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊

- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍) ၊
- (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက် အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သား များ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း(Indicator)ကို တည်ဆောက်ရပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ –

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြား သက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သောအခွင့်အလမ်းကိုလည်း ရရှိပါမည်။

ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နောက်ဆက်တွဲ(ခ)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ

၂၁

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၃	၁၀
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၃၀	၃၈	၆၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၆	၃၂	၇၈
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၈	၃၆	၇၄
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၇၀	၃၈၃	၇၅၃
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၂	၄၁	၆၃
စုစုပေါင်း		**၅၁၃**	**၅၃၃**	**၁၀၄၆**
စုစုပေါင်း အိမ်ထောင်စု - ၂၀၂		**ပျမ်းမျှလူဦးရေ -**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စု(၂၀၂)အိမ်ထောင်စုရှိ၍ လူဦးရေစုစုပေါင်း (၁၀၄၆)ဦး ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု
		အိမ်	မိသားစုဝင်		

		ထောင်စု	လုပ်အား	အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	(မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင်လုပ်ငန်း	၇	၂၀		မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန်မွေးမြူရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၂	၇		မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၃	**ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓါတ်ငွေ့ နှင့် ရေပေးဝေရေး**				

	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	၂	-		မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း		-		မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပြင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင်လုပ်ငန်း	၅			မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ – လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၅			မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐

၂၃

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၂	**ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	၃	၁၃		မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့်ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ**				

	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း	၁၀	၃၀		မြင့် ☐ လတ် ☐ နိမ့် ☑
၁၇	**ပညာရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၁			မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း	၁၀	၃၀		မြင့် ☐ လတ် ☐ နိမ့် ☑
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				☒
	အလုပ်သမား/ ကျပန်း/ ရာသီအလိုက် အလုပ်သမား	၁၀	၃၀		

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦး)ရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း	၂၀၂			☒

ရင်းမြစ် ....(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူအနည်းငယ်သာရှိပြီး အခြားဝင်ငွေရ လုပ်ငန်းအမျိုးမျိုးလုပ်ကိုင်သော အိမ်ထောင်စုများ အများဆုံးရှိကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊ မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား(၃) လုပ်ငန်းနှင့်ကျား၊ မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး(ကျပ်)		အနည်းဆုံး(ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား				
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း(ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၈၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၅၀၀၀	၅၀၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်	နေ့စား				
၁၀	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်။ (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာမှ သတ်မှတ်ပေးထားသော လုပ်အားခနှုန်းထားသည် လုပ်ငန်းပေါ်မူတည်၍ သတ်မှတ်ပေးထားပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ(ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၅၈	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၄၃.၁	ကောင်း ☐	သင့် ☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၇၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၁	ကောင်း ☐	သင့် ☐	ညံ့ ☑
ဓနိတောမြေ	-	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	၁၀၂.၈	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး(သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှုမှာ ၁၀၂.၈ ဧကသာရှိပြီး မြေဆီလွှာအရည်အသွေးအသင့်အတင့်သာ ကောင်းမွန်ပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား(၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိ နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☐	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိ နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☑ သင့်☐ နည်း☐ မရှိ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိ နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☑ မရှိ	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဲ၊ ကျောက်စရစ်များ ရရှိနိုင်ပြီး အသုံးပြုရန် လွယ်ကူပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅ ဧက အထက်	၂ ဧကအထက်	၁ ဧက	လယ်ပိုင်ဆိုင်မှုမရှိ
အိမ်အခြေအနေ	နံရံကပ်(၂)ထပ်၊ ပျဉ်ထောင် (၂)ထပ်	ပျဉ်ထောင်	ကပ်ကာ သွပ်မိုး	ကပ်အိမ်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား၊ထွန်စက်၊ ဆိုင်ကယ်၊ သုံးဘီး	ဆိုင်ကယ်၊ TV၊ သုံးဘီး	ဆိုင်ကယ်၊ စက်ဘီး	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	ကားပိုင်၊ ဈေးရောင်း၊ တောင်သူကြီး	အပ်ချုပ်ဆိုင်၊ ဈေးရောင်း	ဝန်ထမ်း၊ အိမ်ဆိုင်	ကျပန်း
အိမ်ထောင်စု	၃၀	၆၁	၈၀	၂၉

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် မပြေလည်သောအိမ်ထောင်စုများ၍ လုပ်ငန်းအတည်တကျမရှိသော အိမ်ထောင်စုများကြောင်း တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား(၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လ အောက် ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆လကြား ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆လမှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၂၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = ____၇____

ရင်းမြစ် ... ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း
လေ့လာတွေ့ရှိချက်။ ။ ဥစ္စာဓနအဆင့်(၄)အိမ်ထောင်စုများသည် (၁)နှစ်လျှင် (၁)ကြိမ်လုပ်အားခ ကြိုထုတ်ခြင်းများရှိကြောင်း တွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့်	-		

ဆင်းရဲသည့် အိမ်ထောင်စု	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသည့်ပုဂ္ဂိုလ်များ မရှိပါ။

၂၈

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂	သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
